Source:  Paul Lafargue Internet Archive, Biography of Paul Lafargue
Translated by: Aye Aye Soe Win

---

# ပေါလ်လဖာ့ဂ် ( ၁၈၄၂ - ၁၉၁၁) အထုပ္ပတ္တိ အကျဉ်းချုပ်

ပေါလ်လဖာ့ဂ် ကို စန်တီရာဂို ကျူဘန်း ကျွန်း မှာ ၁၈၄၂ တွင် မွေးဖွားသည်။ မိဘဘိုးဘွားတွေ ဖက်က လူမျိုးမတူသူများ သွေးနှောထား၍ ပေါလ်လဖာ့ဂ် မှာ ကပြားမျိုးနွယ် နောက်ခံရှိသည်။ သူ ကလေး ဘ၀ မှာ မိဘ များ က ပြင်သစ် နိုင်ငံ သို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ ပြင်သစ် နိုင်ငံမှာ လူလားမြောက်ခဲ့ပြီး၊ နိုင်ငံရေး တက်ကြွသည်။ ဆေးတက္ကသိုလ်တက် ဆေးကျောင်းသားဖြစ်သည်။ (ဆရာဝန်လည်းဖြစ်ခဲ့သည်)။

ငယ်စဉ်က ပြင်သစ်မင်းမဲ့ ဝါဒီ ပရူဒန်၏ အတွေး အခေါ် ကို ထောက်ခံ ကျင့်သုံးဖူးသည်။ ဥရောပတွင် ပထမ အင်တာနေရှင်နယ် ထူထောင်ပေါ်ပေါက်လာအပြီး လဖာ့ဂ်က အင်တာနေရှင်နယ် အဖွဲ့ချုပ်မှာ ပြင်သစ်ဆိုရှယ်လစ် အလုပ်သမားအဖွဲ့၏ ကိုယ်စားလှယ် ဖြစ်လာသည်။ အင်တာနေရှင်နယ်မှာ သူ စ ပါဝင်ပါတ်သက်ချိန်ကစ၍ မာ့က်စ်၊ အန်ဂဲလ်စ် တို့ နှင့် ရင်းနှီး ကျွမ်းဝင်လာခဲ့သည်။ ထိုအချိန်မှစ၍ လဖာ့ဂ် မာ့က်စ် အတွေးအမြင်ကို သက်ဝင်ယုံကြည်ခဲ့သည်။

မာ့က်စ် ၏ သမီးလတ် လောရာ မာ့က်စ် နှင့် ပေါလ် လဖာ့ဂ် ၁၈၆၈ မှာ လက်ထပ်သည်။ ထိုအချိန်မှစ၍ လဖာ့ဂ်တို့ ဇနီးမောင်နှံ သူတို့ယုံကြည်သော နိုင်ငံရေး အလုပ်တွေကို နှစ်ပေါင်းများစွာ စောက်ချ လုပ်ကိုင်ခဲ့သည်။ သူတို့ကို အန်ဂဲလ်စ် က ငွေကြေးကူညီထောက်ပံ့ခဲ့သည်။

ပြင်သစ် ဆိုရှယ်လစ် အလုပ်သမားပါတီအတွင်း မာ့က်စ်လမ်းစဉ်ကို မမိုတ်မသုံ ယုံကြည်သူများအုပ်စု တွေမှာ ပေါလ် လဖာ့ဂ် က ခေါင်းဆောင်တဦးဖြစ်ခဲ့သည်။ ၁၈၆၁ ကစ၍ ပြင်သစ် သမ္မတ နိုင်ငံတော် ထူထောင်ပေါ်ပေါက်ရေး အတွက် ရုန်းကန် လှုပ်ရှားခဲ့သည်။ ၁၈၇၀-၁၈၇၁ ကာလ ပဲရစ် ကွန်မြူး မတိုင်ခင်၊ ပါရီ နှင့် ( ပြင်သစ် နိုင်ငံ အနောက်တောင် ဖက်ရှိ) ဘိုဒူး မြို့ များမှာ လူထု ဗီဆန် အုံကြွ ဖို့ နှိုးဆော် စည်းရုံးရေး လုပ်ငန်းတာဝန်များကို ပေါလ်လဖာ့ဂ် က ဦးဆောင် လုပ်ကိုင်ခဲ့သည်။

ပဲရစ် ကွန်မြူန်း ရှုံးနိမ့် သွားပြီးနောက် ပေါလ် စပိန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ စပိန် မဲဒရစ် မှာ သူ ရှိနေစဉ် စပိန်မာ့က်စ်လမ်းစဉ်ယုံကြည်သူများ၊ မင်းမဲ့ဝါဒီ များ နှင့် ပူးပေါင်းပြီး အင်တာနေရှင်နယ် အထွေထွေ ကော်မတီ (General Council ) ၏ ဆုံးဖြတ်ချက်များအတွက် ဆက် တိုက်ပွဲဝင်ခဲ့သည်။ (၁၈၇၁ နိုင်ငံတကာ အလုပ်သမားများ ညီလာခံမှာ မာ့က်စ် တင်သွင်းဆုံးဖြတ်ခဲ့သည့် အတိုင်း ဦးဆောင်ပါတီကြီးတစ်ရပ် တစည်းတလုံးတည်းပေါ်ပေါက်ရေး ကို သာ လဖာ့ဂ် နှင့် မဲဒရစ်၏ မာ့က်စ် လမ်းစဉ်သမားများက ထောက်ခံခဲ့သည်။) လူတန်းစားကွာခြားချက်ပြဿနာကို အလုပ်သမားလူတန်းစား ၏ဦးဆောင် ပါတီကဏ္ဍမရှိပဲ အလုပ်သမားလူတန်းစား တို့ မလွတ်မြောက်နိုင် ဟူသော အင်တာနေရှင်နယ် ဂျီစီ ရပ်တည်ချက်၊ ဆုံးဖြတ်ချက် ဖက်က သူ ရပ်ပေး တိုက်ပေးခဲ့သည်။

နောက်ပိုင်းမှာ ပေါလ် လဖာ့ဂ် စပိန်ကနေ အင်္ဂလန်သို့ ပြောင်းနေသည်။ တဖန် ပါရီသို့ ဇနီး နှင့် အတူ ပြန်ပြောင်းသွားကြသည်။ အစဉ်အလာ ဂုဏ်သိက္ခာ ကြီးသည့် ပြင်သစ် ဆိုရှယ်လစ် လုပ်သားပါတီ (POS) ကရွေးသည့် အမာခံခေါင်းဆောင် တဦးလည်းဖြစ်သည်။ ပါလီမာန်အပေါ်ယံ ပြုပြင်ပြောင်းလဲမှုများကို ဆန့်ကျင်သည်။ ထောင် အကြိမ်ကြိမ်ကျခဲ့သည်။

၁၈၉၁ သွေးစွန်းသော မေဒေး အလုပ်သမားလှုပ်ရှားမှု မှာ ပါတ်သက်နေမှု၊ ပြင် သစ်နိုင်ငံ အရှေ့ဖက် ခြမ်းက ဖေါ်မီ အလုပ်သမား ကွန်မြူးမှာ တနေ့ အလုပ်သမား ၈ နာရီ အလုပ်ချိန် ရရှိရေး အတွက် ရေးသား လှုံ့ ဆော်မှု တျကြောင့် သူ ကို ထောင်ထပ် တနစ်ချသည်။  ပီအို အက်စ် ပြင်သစ်အလုပ်သမားပါတီက အချို့သော ဆို ရှယ်လစ် ခေါင်းဆောင်များ၏ ဖေါက်ပြန်သော ရီဖေါင်း လမ်းစဉ်ကို ပေါလ် လဖာ့ဂ်  တောက်လျှောက် ဆန့်ကျင်ခဲ့သည်။  (ဆိုရှယ်လစ်ခေါင်းဆောင် တဦးဖြစ်သူ အီး အေ မီလရန်း နှင့် ပြင်သစ် ဘူဂွါ များ ညွှန့်ပေါင်းပြု၍ ပါလီမာန်မှာ ကြီးစိုးခြင်းနေခြင်းက  "မီလရန်းအယူအဆ" ဟူ၍ ဖြစ်လာသည်။ မီလရန်းအယူအဆသည် တော်လှန်သော လမ်းကြောင်း မှ သွေ ဖီ သည့် ဘူဂွါတို့ လိုလား ထောက်ခံသည့် ရီဖေါင်းလမ်းစဉ် ဖြစ်ခဲ့သည်။) ပေါလ် လဖာ့ဂ်က ပြင်သစ်  နှင့် ကမ္ဘာ တပှမ်းလုံးရှိ အမျိုးသမီးများ ရှင်သန်လွတ်မြောက်ရေး လှုပ်ရှားမှု များကိုလည်း  ထောက်ခံသူ ဖြစ်သည်။

တော်လှန်သော မာ့က်စ် အဘိဓမ္မာ အပေါ်မှာ လဖာ့ဂ် က ဋီကာထုတ်၊ စာပေ ဝေဖန်ရေး ဆောင်းပါးများစွာ ရေးခဲ့သည်။ မိန့်ခွန်း များစွာပြောခဲ့သည်။ ဩဇာ ကြီး သည့် နိုင်ငံရေးတရားဟော ဆရာ တဦးဖြစ်သည်။ သူရေးခဲ့သမျှမှာ သရော်သံကဲ၍ ဟာသဉာဏ် ပါသည့်၊ "အလုပ် မလုပ်ပဲ ပျင်းနိုင်ခွင့်"  နှင့် "ဖြစ်ပေါ်ပြောင်းလဲခြင်းဖြစ်စဉ်နှင့် ရုပ်ပစ္စည်းပိုင်ဆိုင်မှု"  ( "Right to be Lazy" & "Evolution and Property") စာတမ်းများသည်  လူကြိုက်များ ထင်ရှားသော ပမ်းဖလက်များဖြစ် ခဲ့သည်။

၁၉၁၁ ခုနှစ်၊ အသက် ၇၀ မှာ ပေါလ် နှင့် ဇနီး လော ရာ တို့ တချိန်တည်း ကိုယ့်ကို ကိုယ် သေကြောင်းကြံစည်ခဲ့သည်။ ပါတီ နှင့်  လူထု လှုပ်ရှားမှု အရေးတော်ပုံကြီး အတွက် ဆက်လက် အပ်နှင်းပေးဆပ်စရာ ဘာမှ မရှိတော့ပြီ ဖြစ်၍ လောက က စွန့်ခွာ သည်ဟု ပေါလ်က သတ်မသေခင်မှာ စာတစောင်ရေးထားခဲ့သည်။